# The Most Holy Trinity - A

**1st READING:** ***Exodus 34:4b-6, 8-9***
ထွက်မြောက်ရာကျမ်း။ ၃၄း ၄–၆၊ ၈–၉

ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊အရင်ကျောက်ပြားနှင့်တူအောင်ကျောက်ပြားနှစ်ပြားကိုခုတ်ထွင်ပြီးမှ၊မောရှေသည်နံနက်စောစောထ၍ထိုကျောက်ပြားနှစ်ပြားကိုကိုင်လျက်၊သိနာတောင်ပေါ်သို့တက်လေ၏။ ထာဝရဘုရားသည်မိုဃ်းတိမ်ဖြင့်ဆင်းသက်၍၊ထိုအရပ်၌မောရှေအနားမှာရပ်လျက်၊ထာဝရဘုရား၏နာမတော်ကိုမြွက်ဆိုတော်မူ၏။ထာဝရဘုရားသည်မောရှေရှေ့၌ မှကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ချစ်ခြင်းသနားမေတ္တာကရုဏာနှင့်ပြည့်စုံ၍စိတ်ရှည်ခြင်း၊ကျေးဇူးပြုခြင်း၊သစ္စာစောင့်ခြင်းနှင့်မွကြွယ်ဝတော်မူထသော၊အထောင်အသောင်းများသောသူတို့အားသနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊အဓမ္မကျင့်ခြင်းလွန်ကျူးခြင်း၊ဖြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း၊အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော၊သားစဉ်မြေးဆက်၊တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊အဘတို့၏အပြစ်ကိုသားတို့၌ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဟုမြွက်ဆိုတော်မူ၏။ မောရှေသည်အလျင်အမြန်ဦးညွှတ်ချ၍ကိုးကွယ်လျက်၊အိုဘုရားရှင်၊အကျွန်ုပ်သည်ရှေ့တော်၌မျက်နှာရလျှင်၊အကျွန်ုအရှင်သည်အကျွန်ုပ်တို့နှင့်အတူမွကြွတော်မူပါစေသော၊အကျွန်ုပ်တောင်းပန်ပါ၏။ဤလူမျိုးသည်လည်ပင်းခိုင်မာသောအမျိုးဖြစ်သော်လည်းအကျွန်ုပ်တို့ပြစ်မှားမိသောဒုစရိုက်အပြစ်များကိုလွှတ်၍အကျွန်ုပ်တို့ကိုကိုယ်တော်အမွေဥစ္စာဘို့သိမ်းယူတော်မူပါဟုလျှောက်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm** Daniel 3:52, 53, 54, 55
ဆာလံကျမ်း။ ဒံယေလအနာဂတ္တိကျမ်း၊ ၃း ၅၂။ ၅၃။ ၅၄။ ၅၅

**သံပြိုင်။** ။ ကောင်းချီးမင်္ဂလာရှိတော်မူ၍ကာလအဆက်ဆက်ချီးမွမ်းထောပန ရှိပါစေသော်။
R. **Glory and praise for ever!**

၁။ အိုသခင်၊ တပည့်တော် တို့ဘိုးဘေးများ၏ဘုရား ကိုယ်တော်အား ကောင်းချီးမင်္ဂလာ ရှိတော်မူ၍
ကာလအဆက်ဆက် ချီးမွမ်းထောပနာ ရှိပါစေသော်။ **သံပြိုင်။**
Blessed are you, O Lord, the God of our fathers, praiseworthy and exalted above all forever; And blessed is your holy and glorious name, praiseworthy and exalted above all for all ages.

၂။ ကိုယ်တော၏ သန့်ရှင်း၍ဘုန်းတော်ဂုဏ်တော်ရှိသောဗိမာန်တော်၌ကိုယ်တော်အားကောင်းချီးမင်္ဂလာရှိ
ပါစေသော်။ ကာလအဆက်ဆက်ချီးမွမ်းထောပနာရှိပါစေသော်။ **သံပြိုင်။**
Blessed are you in the temple of your holy glory, praiseworthy and glorious above all forever.

၃။ကိုယ်တော်၏နိုင်ငံတော်တည်ရှိရာရာဇပလ္လင်တော်အပေါ်၌ကိုယ်တော်အားကောင်းချီးမင်္ဂလာရှိပါစေ
သော်။ ကာလအဆက်ဆက် ချီးမွမ်းထောပနာရှိပါစေသော်။ **သံပြိုင်။**
Blessed are you on the throne of your kingdom, praiseworthy and exalted above all forever.

၄။ခေရုဘင်တမန်တို့အပေါ်မှာစံမြန်းတော်မူ၍နက်ရှိုင်းရာတို့ကိုကြည့်ရှုတော်မူသောကိုယ်တော်အားကောင်း
ချီးမင်္ဂလာရှိပါစေသော်။ကာလအဆက်ဆက်ချီးမွမ်းထောပနာရှိပါစေသော်။ **သံပြိုင်။**
Blessed are you who look into the depths from your throne upon the cherubim, praiseworthy and exalted above all forever.

## 2nd READING: 2 Corinthians 13:11-13

ကော်ရင့်သ္သုသဝါဒစာ ဒုတိယစာစောင် ၁၃း ၁၁–၁၃

နိဂုံးချုပ်အနေဖြင့်ညီအစ်ကိုတို့ကိုသင်တို့လိုနှုတ်ခွန်းဆက်သပါသည်။သင်တို့၏လမ်းစဉ်များကိုပြုပြင်ကြ
လော့။ ငါ၏တောင်းဆိုချက်ကိုနာယူပြီး၊ အချင်းချင်းညီညွတ်မှုရှိလျှက်ငြိမ်းချမ်းခြင်းစွာနေထိုင်ကြပါလော့။
မေတ္တာတရားနှင့်ငြိမ်းချမ်းခြင်း၏အရှင်ဘုရားသခင်သည်လည်းသင်တို့နှင့်အတူရှိတော်မူလိမ့်မည်။တစ်ဦး
နှင့်တစ်ဦးသန့်ရှင်းသောနမ်းခြင်းဖြင့်နှုတ်ဆက်ကြလော့။သန့်ရှင်းသူအားလုံးတို့ကသင်တို့အားနှုတ်ဆက်
လိုက်ပါသည်။သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်၊ဘုရားသခင်၏မေတ္တာတော်နှင့်သန့်ရှင်းသောဝိ
ညာဉ်တော်၏မိတ်သဟာယတော်တို့သည်သင်တို့အားလုံးနှင့်အတူ ရှိပါစေသော်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***John 3:16-18***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၃း၁၆–၁၈

သားတော်၌ယုံကြည်သောသူဟူသမျှကိုပျက်စီးခြင်းမရှိစေခြင်းငှါဘုရားသခင်သည်မိမိတစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူသည့်တိုင်အောင်ကမ္ဘာလောကကိုချစ်တော်မူ၏ ။အကြောင်းမူကား၎လောကကိုအပြစ်စီရင်ခြင်းငှါဘုရားသခင်သည်သားတော်ကို၎လောကထဲသို့စေလွှတ်တော်မူသည်မဟုတ်၊သားတော်အားဖြင့်လောကသားတို့သည်ကယ်တင်ခြင်းကိုရစေရန်ကိုယ်တော်ကိုစေလွှတ်တော်မူ၏ ။သားတော်ကိုယုံကြည်သောသူသည်အပြစ်စီရင်ခြင်းမခံရ။ကိုယ်တော်ကိုမယုံကြည်သောသူမူကားအပြစ်စီရင်ခြင်းကိုယခုပင်ခံရပြီ။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏နာမတော်၌သူသည်မယုံကြည်သောကြောင့်ဖြစ်သတည်း၊

၎သည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။